ရွှေစကား

၈၁၆ပ

# ကြယ်စင်မှူးဝေ

## အချစ်စေတမာန်



ဒီဇိုင်း မောင်ကျော်ဦး
၀၉-၉၉ ၇၀၉၃၀

တိုင်းမြို့ကြီးမို့ ကိုယ်နေထိုင်ရာ တောရွာလေးနှင့်တော့ဘာမှ မဆိုင်။ တိုးတက်နေသည့်ခေတ်ပီပီ ... ကြည့်လေရာမှာ တိုက်တာအဆောက်အဦများက မိုးတိုးမတ်တတ်။

ကတ္တရာလမ်းများ နှင့် ကျယ်ပြန့်သန့်ရှင်းသည့် လမ်းများကိုငေးမောရင်း 'သက်ထားပျို'သည် လမ်းထဲမှ 'ဒေါက်တာညိုမင်းကို' ဟူသည့် ဆိုင်းဘုတ်ချိတ်ထားမည့်အိမ်ကို ရှာနေမိသည် ။

သက်ထားပျိုမှာ ဝန်စည်စလယ်ဆိုလို့ ကျောမှာ ပို့ထားသည့် ကျောပိုးအိတ်တစ်လုံးသာ။

သာမန်လူတန်းစား တစ်မိသားစုအတွက် ဆရာဝန်တစ်ယောက်ဖြစ်အောင် ပံ့ပိုးထူထောင် ပေးလိုက်ရခြင်းဟာ ကျန်ခဲ့သည့် မိသားစုဝင်များကို ယိမ်းယိုင်ကျန်စေခဲ့တာ...အစ်ကို ဒေါက်တာကြီး မသိဘူးတဲ့ လား။

ယခုတော့... ပင်ပန်းဆင်းရဲမှုဒဏ်တွေကြောင့် အဖေနှင့်အမေ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့ကြပြီး တစ်ကောင်ကြွက်မလေး သက်ထားပျိုအစ်ကိုညိုမင်းကိုထံသို့ မလာမဖြစ်လာခဲ့ရပေပြီ။

သည် ခရီးဟာ... သက်ထားပျိုအတွက် နောင်ရိုးတိုက်ပွဲပါပဲ၊ နောက်ပြန်လှည့်စရာ မရှိတော့သည့်ခရီး။

အရာရာမှာ ကိုယ့်အားကိုယ်ကိုးချင်စိတ်ရှိပေမဲ့ သက်ထားပျိုဆိုတာ ယခုမှ အသက်၁၉နှစ်အရွယ် အပျိုမလေးတစ်ယောက်ပေမို့ အစ်ကို့အရိပ်မှာ ခိုလှုံရဦးမည်သာ။

လိပ်ကလေးတစ်ကောင်လို ကျောပိုးအိတ်ကို ကျောပိုးပြီး သက်ထားပျိုတရွေ့ရွေ့ လျှောက်လှမ်းလာခိုက် သူမ၏ နောက်မှ ကားတစ်စီးရပ်သွားသဖြင့် သက်ထားပျိုအလန့်တကြား လှည့်ကြည့်လိုက်သည် ။

"အစ်ကို..."

ကားပေါ်မှ ဆင်းလာတာ အစ်ကိုညိုမြင်းကိုပါပေ။ အမေဆုံးတုန်းက တစ်ခါအဖေဆုံးတုန်းက တစ်ခါသာ ရွာကိုပြန်ရောက်လာခဲ့သည့် အစ်ကို့အား သက်ထားပျိုမျက်ရည်များ နှင့် ပြေးဖက်မိသည် ။

"မငိုပါနဲ့ တော့ဟာ ဖြစ်သမျှအကြောင်း အကောင်းချည်းလို့ သာမှတ် ၊ လူရယ်လို့ ဖြစ်လာရင် လောကဓံကို ကြံ့ကြံ့ခံနိုင်ရမယ်၊ကဲ... တက်..."

ဆရာဝန်တစ်ယောက်ပေမို့ ရှင်းသန့်ခန့်ညားနေသည့် အစ်ကို့အသွင်က ဘောင်းဘီရှည်၊ ရှပ်လက်ရှည်နှင့်။

သက်ထားပျိုကားပေါ်သို့ တက်ထိုင်လိုက်ရသည် ။

"အစ်ကို ဆေးရုံကပြန်လာတာလား၊မမဝင့်ဝါနဲ့ တူလေးရော နေကောင်းကြရဲ့ လား"

"ကောင်းပါတယ်..."

ကားကို ဂရုတစိုက်မောင်းနေရင်း... အစ်ကို့အသွင်ကလေးလံနေခဲ့လျှင် သူ့ကိုအားကိုးလာခဲ့ရသည့် သက်ထားပျိုအားငယ်ရသည် ။ အဖေဆုံးတုန်းက တစ်ခါတည်းမလိုက်ခဲ့လို့ များ လား အစ်ကိုစိတ်ခုနေလေသလား။

"အစ်ကို... နေကောင်းရဲ့ လားဟင်"

သက်ထားပျိုနှင့် အစ်ကိုဟာ အသက်နှစ်ဆယ်လောက်ကွာသည့် မောင်နှမမို့ စိမ်းတော့စိမ်းသည် ။

"ကောင်းပါတယ်… နင့်ကိုတစ်ခုတော့ ကြိုပြောထားရဦးမယ်"

"ဟုတ်… ပြောပါ အစ်ကို"

"အိမ်မှာ ဝင့်ဝါရဲ့ အမေနဲ့ ညီမလည်း ရောက်နေတယ်၊ နည်းနည်းတော့ သည်းခံနေနော်"

"ရပါတယ်အစ်ကိုရယ်… ပျိုသည်းခံပါ့မယ်"

"အခုအစ်ကိုတို့ နေတဲ့ တိုက်က သူတို့ တိုက်လေ၊ သူတို့ ရန်ကုန်ကို ပြောင်းသွားလို့ အစ်ကိုတို့ ကို ပေးပစ်ခဲ့တာ၊ ဒီတော့အဲဒီမျက်နှာနဲ့ အစ်ကိုလည်း အလျှော့ပေးနေရတယ်"

အစ်ကိုကိုယ်တိုင် အလျှော့ပေးနေရသည် ဆိုသည့် ယောက္ခမနှင့်ခယ်မအား… သက်ထားပျိုမြင် ယောင်ကြည့်မိသည် ။ မြို့သူတွေဆိုတော့ တော်တော်ဆိုးမှာ ပဲ။

ကားကခြံဝင်းတစ်ခုရှေ့တွင် ရပ်သွားလျှင် သက်ထားပျို လှမ်းမျှော်ကြည့်လိုက်သည် ။ ဒေါက်တာညိုမြင့်ကိုလို့ ဆိုင်းဘုတ်ချိတ်ထားခြင်းမရှိ။

"အစ်ကို… ဆေးခန်းမထိုင်ဘူးလား"

"ငါတို့လိုပမွှားဆရာဝန်တွေက မြို့ထဲမှာ ထိုင်လို့ မရဘူးဟ၊ မြို့ဆင်ခြေဖုံးရပ်ကွက်တွေမှာ သွားထိုင်ရတယ်"

"ဩော်…"

"ဆရာဝန်ဆိုပေမဲ့ လူတွေကပါရဂူတို့ ဘွဲ့လွန်တို့ မှ အထင်ကြီးတာ၊

ငါလည်း ဘွဲ့လွန်တက်ဖို့ ကြိုးစားနေရတယ်"

မောင်နှမနှစ်ယောက်ခြံရှေ့မှာ ကားဟွန်းတီးတော့ အိမ်ထဲမှ ဝင့်ဝါရွှေစင်ထွက် လာပြီး ခြံတံခါး ဖွင့်ပေး၏။ သက်ထားပျို့ အစ်ကို့အိမ်ကို တစ်ခါမှ မရောက်ဖူးသလို ယောက်မကိုလည်း တစ်ခါမျှမမြင်ဖူးခဲ့ပါ။

အစ်ကို့တိုက်က နှစ်ထပ်တိုက်လှလှလေးတစ်လုံးဖြစ်ပြီး ခြံဝင်းကတော့ ခပ်ကျဉ်းကျဉ်း။ အင်းလေ... တောမှာ လိုတော့ မြေဘယ်ပေါမလဲ။ ခြံထဲမှာ မြက်ခင်းနှင့် အပင်စိမ်းစိမ်းလေးများကို တွေ့ရသည် ။

မမဝင့်ဝါရွှေစင်ကလည်း တော်တော်လှပါတယ်။ အသက်ကအစ်ကိုနှင့် အတူတူလောက်ဖြစ်နိုင်ပြီး သူဌေးသမီးပီပီနုနုဥဥ။

အသားဖြူဖြူ ကိုယ်လုံးကတော့ကလေး အမေမို့ဝချင်ချင်။ ဝတ်စားပုံက ဂါဝန်ကြိုးလက်တစ်လုံးနှင့်။ မျက်နှာကလည်း အိမ်နေရင်းပေမဲ့ မိတ်ကပ်နှုတ်ခမ်းနီနှင့်လှလှပပ။

ဒေါက်တာညိုမင်းကို ကားကိုတိုက်ရှေ့သို့ မောင်းယူလိုက်ပြီး ကားတံခါးဖွင့်ကာ မိန်းမအနားသို့ လျှောက်သွားလိုက်သည် ။

သ က် ထ ားပျိုမှ ု ာ ကိုယ့်ကျောပိုးအိတ်ကိုယ်ဆွဲပြီး ကားပေါ်မှ ယောင်ချာချာ ဆင်းလိုက်၏။ သူမကိုဖက်လဲတကင်း၊ ရင်းရင်းနှီးနှီးနှင့် ကြိုဆိုမည့်သူမရှိ။

အစ်ကိုနှင့်ယောက်မတို့ စကားပြောနေကြတာကို သူမကြားနေရပါသည် ။

"ဝင့်... ဒါမောင့်ညီမလေးလေ သက်ထားပျိုတဲ့ "

"သြော်... အလည်လာတာလား၊အိမ်မှာ လည်း မာမီတို့ ရောက်နေတော့ သူနေတတ်ပ့ါမလား"

မဝင့်ဝါ၏ ပေါ့ရွှန်းရွှန်းစကားကြောင့် သက်ထားပျို အားငယ်ဝမ်းန ည်းသွားရသည် ။ မိဘတွေ ဆုံးပါးသွားတာသိရဲ့ နဲ့ ။ အစ်ကို့အသွင်က လည်း မရှုံ့မရဲ။

"ဒီမှာ အပြီးနေမှာ ဝင့်ရဲ့ ၊ ရွာမှာ မိဘတွေမှ မရှိကြတော့တာ"

"သူဒီမှာ နေတတ်ပဲ့မလား၊ ရွာမှာ ဆွေမျိုးတွေ မရှိကြတော့ဘူးလား ၊ ဝင့်ကမောင်နှမများ တာ မောင်လည်း အသိ၊ တော်ကြာ တစ်ယောက် ကလာလိုက်၊ နှစ်ယောက်ပြူးလာလိုက်နဲ့ "

"နေတတ်ပါတယ်၊ ညီမလေးမှာ မောင့်ပဲ အားကိုးရှိတယ်လေဝင့်ရ ယ်... ညီမလေးအားငယ်အောင်မပြောစမ်းပါနဲ့ "

"အမလေး... မောင်ကဘယ်လောက်များ အားကိုးရလို့ လဲ၊ ဆရာဝန် ဆိုပြီး အထင်ကြီးစရာဘာရှိလဲ၊ ဒီတိုက်ဒီခြံတောင် မာမီတို့ ပေးထားလို့ ၊ မောင့်အလိုဆို တဲကုပ်နဲ့ နေရမှာ ၊ လစာနဲ့ ဆေးခန်းဝင်ငွေကလည်း မောင့်သားတစ်ယောက်စာရှိတယ်၊ ဝင့်အထည်ဆိုင်တစ်ဖက် ထွက်နေ လို့ သာ လူမွေးလူတောင် ပြောင်နေရတယ်မှတ်ပါ..."

ပြောပြီးမဝင့်ဝါအိမ်ထဲသို့ ခပ်ဆောင့်ဆောင့်ဝင်သွားလျှင် သက်ထား ပျိုမျက်ရည်တွေ စီးကျလာမိသည် ။ ငါ့ဘဝဆိုးလိုက်တာ။ ငါဒီမှာ နေလို့ အဆင်ပြေပဲ့မလား။

အစ်ကို့ပုံစံကြည့်ရတာ မယားကိုအရမ်းဦးစားပေးရပြီး အိမ်မှာ သြ ဇာရှိသည့်ပုံမပေါ်။ သူဌေး သမီးကို ယူထားပြီး မိန်းမရဲ့ တိုက်ခြံ၊ ကားန င့်ဟန်လုပ်နေရသူပီပီ မိန်းမနှင့်ယောက္ခမ အသိုင်းအဝိုင်းကို ခေါင်းပေါ် တင်ထားရသည့်ပုံ၊

သက်ထားပျို မျက်ရည်တွေမနိုင်ရင်ကာစီးကျနေခဲ့လျှင် ဒေါက်တာ

ညိုမင်းကို စိတ်မကောင်း ဖြစ်ရသည် ။

"တိတ်ပါညီမလေးရယ်... ဝင့်လောလောဆယ် စိတ်ရှုပ်နေလို့ ပါ၊ သူ့မာမီနဲ့ ညီမက သိပ်ဇီဇာကြောင်၊ သိပ်ဩဇာပြတော့ သူစိတ်တိုနေလို့ ပါ၊ ဝင့်က သဘောကောင်းပါတယ်။ ကဲလာလာညီမလေးနေဖို့ အခန်းအစ်ကိုပြမယ်"

ညီမဖြစ်သူကို မီးဖိုဘက်မှ ပတ်ခေါ်ပြီး အောက်ထပ်ထောင့်ခန်းလေး တစ်ခုထဲသို့ သူထည့်ပေး လိုက်သည် ။ ဘာပဲဖြစ်ဖြစ်ရွာမှာ နေရတာထက်တော့ အဆင့်မြင့်သည် ဟု ထင်ပါသည် ။

အခန်းလေးထဲမှာ ခုတင်၊ စောင်၊ ခြင်ထောင်၊ မွေ့ရာပါးပါးနှင့်။ နောက်ဗီရိုသေးလေးတစ်လုံးနှင့်။

"အစ်ကိုကသာမန်ဆရာဝန်ဆိုတော့ အိမ်တွေ၊ ကားတွေမဝယ်နိုင်သေးဘူးပေါ့လေ၊ ယောက္ခမအိမ်ကပ်နေရသူပီပီ နည်းနည်းတော့ လူအောက်ကျတာပေါ့၊ အစ်ကိုလည်း ဘွဲ့လွန်တွေဘာတွေတက်ဖို့ ကြိုးစားနေပါတယ်၊လောလောဆယ်သူတို့ နဲ့ အဆင်ပြေအောင်နေနော်"

"ဟုတ်ကဲ့..."

သက်ထားပျို အသံတိမ်တိမ်လေးနှင့်ဖြေရ၏။ ဘုရားရေဒီအိမ်မှာ ငါအသက်တောင်ရှူရဲပ့ါ မလား။

"တူလေးရော... အစ်ကို"

ကိုယ့်တူလေးကိုလည်း သက်ထားပျိုတစ်ခါမှ မမြင်ဖူးသေး။ ဓာတ်ပုံလေးသာမြင်ဖူးပြီး ထိုဓာတ်ပုံလေးကို သက်ထားပျိုသိမ်းထားပါသည် ။

"မူကြိုသွားတယ်၊ ညနေမှ ပြန်လာလိမ့်မယ်၊ နင့်တူကစကားအရမ်းတတ်တာ၊ လည်လည်း အရမ်းလည်တယ်၊ အားလုံးကဝိုင်းပြီး ဖူးဖူးမှုတ်

ထားတော့ ဗိုလ်လည်း ကျတယ်"

"တူလေးကို အရမ်းမြင်ချင်တာပဲ"

"မြင်ရမယ် မြင်ရမယ်စိတ်ချ"

ကလေးအကြောင်းပြောပြီး မောင်နှမနှစ်ယောက် ကြည်သာနေကြစဉ် ဧည့်ခန်းဘက်မှ မဝင့်ဝါ၏ လှမ်းခေါ်သံကြောင့်ညိုမင်းကို ကပျာကယာ သွားလိုက်ရသည်။

"မောင်ရေ... ဒီမှာ ဝင့်သွားစရာရှိလို့ ထမင်းမြန်မြန်လာစား"

အစ်ကိုကသူမကို ထမင်းစားပင်မခေါ်တော့ဘဲ ထွက်သွားသဖြင့် သက်ထားပျိုကိုယ့်အတွက် ပေးထားသည့်အခန်းထဲမှာ ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်ပါသည်။

***